# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းတစ်ဦးချင်း စိစစ်ရွေးချယ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ် စ ရာ**

**စတီးဝဲလ်ပြတိုက်ထဲက ကမ္ဘာကျော် လီဒိုလမ်း**

ဆောင်းပါး စာ ၁၀



**တောင်ဖျားဆီက မိုးညို့ညို့နှင့် ရေလှောင်တမံ၊ ရေပိုလွှဲများ ...**

ဆောင်းပါး စာ ၁၆




ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၈) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစဗ္ဗဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစဗ္ဗဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းတစ်ဦးချင်း စိစစ်ရွေးချယ်စဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်း တွေ့ဆုံကာ သင်တန်းကာလ တစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးပမ်းအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ပျဉ်းမနား အောက်တိုဘာ ၇

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် အခြေခံပညာ မူလတန်းလွန်ကျောင်း(ဦးကျေး)နှင့် ကျွန်းဦးကျေးရွာအတွင်းရှိ ရေဝင်ရောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ပျဉ်းမနားမြို့ အခြေခံပညာ မူလတန်းလွန်ကျောင်း (ဦးကျေး)သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ရေဝပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဝင်းအတွင်း ဝင်ရောက်နေသောရေများကို ရေစုပ်စက်များဖြင့် အမြန်ဆုံးစုပ်ထုတ်နိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ စနစ်တကျနှင့် အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားသည်။

### အမြန်ဆုံးဆောင်ရွက်

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် ပျဉ်းမနားမြို့ ကျွန်းဦးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်းရှိ ရေဝင်ရောက်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးကြပြီး လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ပြုပြင်ရန်လိုသည့် လမ်း၊ တံတားများကို သတ်မှတ်စံချိန်စံညွှန်းများအနှင့်အညီ သတ်မှတ်အချိန်အတွင်း အမြန်ဆုံးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်)သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်) သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)၏ သမိုင်းအကျဉ်းနှင့် အချက်အလက်များ၊ မြို့ပတ်ရထားလမ်း၏ သမိုင်းကြောင်းနှင့် အဆင့်မြှင့်တင်ရေးစီမံကိန်း၏ သမိုင်းကြောင်းများ၊ မြို့ပတ်ရထားများပြေးဆွဲသွားမည့်အစီအစဉ်များနှင့် ရထားလမ်းဆိုင်ရာ အဆောက်အဦများ၊ ရထားလမ်းတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း တစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် လေ့လာရေးအဖွဲ့၏တွေ့ရှိချက်များ၊ မြို့ပတ် လျှပ်စစ်ရထားအတွက် သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များအား ကြည့်ရှုစစ်ဆေးစဉ်။

- **အဓိက မီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေးဆောင်ရွက်ရာတွင် အချို့လမ်းပိုင်းအကွေ့နေရာများအား အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်ရမည်**
- **ထို့ပြင် အဆိုပါအမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတားနေရာများကိုလည်း လေ့လာဆန်းစစ်ခြင်းများဆောင်ရွက်၍ မိမိတို့နိုင်ငံရှိ လမ်းပိုင်းများနှင့်ကိုက်ညီသည့် အမြန်နှုန်းစံတစ်ခုကို သတ်မှတ်ဆောင်ရွက်သွားကြရမည်**

စာမျက်နှာ ၄ မှ
ဒုတိယဝန်ကြီး ဦးအောင်မြိုင်က အဓိကမီးရထားလမ်းပိုင်းများ၌ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာ့မီးရထား၏ နောက်ခံအခြေအနေ၊ လမ်းပိုင်းဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များ၊ စက်ခေါင်း၊ တွဲနှင့် DEMU (Rolling Stock) များ၏ စက်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ အချက်ပြနှင့် သွားလာရေးစနစ်ဆိုင်ရာလိုအပ်ချက်များနှင့် သုံးသပ်ချက်များကိုလည်းကောင်း၊ မြန်မာ့မီးရထား၊ တိုင်းအသီးသီးရှိ လမ်းပိုင်းများတွင် ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်၊ လဲလှယ်နိုင်ရေး ဆောင်ရွက်မည့်အစီအမံနှင့်ပတ်သက်၍ ကွန်ကရစ်ဇလီဖားစက်ရုံများနှင့် ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ဝေနိုင်မှု၊ လမ်းပိုင်းများ၌ ကွန်ကရစ်ဇလီဖားများ ထည့်သွင်းထားရှိမှု၊ လမ်းပိုင်းများအားလုံးတွင် သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၂၁ တုံး အပြည့်ဖြည့်တင်းနိုင်ရေးအတွက် ထပ်မံလိုအပ်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ကြံ့ခိုင်မှုကောင်းမွန်အောင်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိက မီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေးဆောင်ရွက်ရာတွင် အချို့လမ်းပိုင်းအကွေ့နေရာများအား အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါအမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတားနေရာများကိုလည်း လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်၍ မိမိတို့နိုင်ငံရှိ လမ်းပိုင်းများနှင့် ကိုက်ညီသည့် အမြန်နှုန်းစံတစ်ခုကို သတ်မှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ မီးရထားသယ်ယူပို့ဆောင်ရေးသည် ၁၈၇၇ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်သော်လည်း အခြားနိုင်ငံများနှင့် ယှဉ်ကြည့်ပါက ရထားသယ်ယူပို့ဆောင်ရေးစနစ်များ နောက်ကျနေဆဲဖြစ်ကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးတွင် ရထားလမ်းသည် အဓိကအရေးကြီးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ကိုက်ညီသည့် ကျောက်များ၊ ဇလီဖားတုံးများ ဖြည့်သွင်းပေးခြင်း၊ ကြံ့ခိုင်မှုကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် အမြန်နှုန်းတစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး စံသတ်မှတ်ဆောင်ရွက်သွားရန်လိုပြီး ကုန်ရထားတွဲများအား တစ်နာရီလျှင် ၆၀ ကီလိုမီတာအထိ မောင်းနှင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီဇယ်လျှပ်စစ်သုံး(DEMU)စက်ခေါင်းများ၊ ရထားတွဲများကိုလည်း ပြည်တွင်း၌ တည်ဆောက်ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများ ကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှုရှိစေရေးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ရထား(EMU) ပြေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးသည် မလွဲမသွေပြောင်းလဲရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် လိုအပ်သည်များကို ဆက်လက်သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း။

**တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေးကြိုးပမ်း**

ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက ရထားသယ်ယူပို့ဆောင်ရေးကို အများပြည်သူများက ပိုမိုသုံးစွဲလာမည်ဖြစ်ကြောင်း၊ ရထားများအား သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်နိုင်ရေးအတွက် Level Crossing နေရာများလျှော့ချခြင်း၊ Underpass များ တည်ဆောက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရထားလမ်းနယ်များ၌လည်း ဥပဒေသတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြစ်ရန်လိုကြောင်း၊ ရထားဘူတာများ၊ ရထားမြေများအားလုံး၌လည်း သွားလာနေထိုင်မှုများအားလုံး စည်းကမ်းစနစ်တကျအတိုင်း ဖြစ်ရန်လိုကြောင်း၊ ရထားလမ်းနယ်များ၌ မျက်စိပသာဒဖြစ်စေရေး၊ မြေထိန်းသိမ်းမှုဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးစနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပြီး အကျိုးရှိသည့် စနစ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ရထားတွဲဆိုင်းအသစ်များကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စပိန်နိုင်ငံမှရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များအား ကြည့်ရှုစစ်ဆေးစဉ်။

- **ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက ရထားသယ်ယူပို့ဆောင်ရေးကို အများပြည်သူများက ပိုမိုသုံးစွဲလာမည်**
- **ရထားများအား သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်နိုင်ရေးအတွက်** Level Crossing **နေရာများလျှော့ချခြင်း၊** Underpass **များ တည်ဆောက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရထားလမ်းနယ်များ၌လည်း ဥပဒေသတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြစ်ရန်လို**



စပိန်နိုင်ငံမှရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များ။

## တရားမ အထူးအယူခံမှု (၆)မှု စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု(၆)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၅/၂၀၂၄ (ရှမ်း)၊ ၃၁/၂၀၂၄ (မန္တလေး)၊ ၅၀/၂၀၂၄ (မွန်)၊ ၅၄/၂၀၂၄ (ပဲခူး)၊ ၆၃/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု (၆) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၅၂/၂၀၂၄ (ရန်ကုန်)၊ ၅၅/၂၀၂၄ (ရှမ်း)၊ ၅၆/၂၀၂၄ (မန္တလေး)၊ ၆၂/၂၀၂၄ (ပဲခူး)၊ ၆၄/၂၀၂၄ (ရန်ကုန်)၊ ၆၅/၂၀၂၄ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု(၆)မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများ အနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပ အလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပ အလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) လျှောက်ထား ရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ် နိုင်ငံကူးလက်မှတ် (Passport for Visit–PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့် မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များ ဆုံးရှုံးရသည့် ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job – PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင် သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာ ပဲကြော်ပဲလှော်ဖိုလုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာသို့ ရောက်ရှိပြီး ရေကြီးရေလျှံ ရေတိုက်စားမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပဲလှော်ဖိုလုပ်ငန်းရှင်များ၊ ကျေးရွာနေပြည်သူများ၏ လုပ်ငန်းများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးအတွက်သမဝါယမဦးစီးဌာနမှ သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးသည့် ချေးငွေဖြင့် ပဲလှော်ဖိုများပြင်ဆင်ခြင်း၊ အသစ်တည်ထောင်ခြင်း၊ ကုန်ကြမ်းများ ဝယ်ယူခြင်းနှင့် လုပ်ငန်းများ စတင်လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြင်ရန် ကျန်ရှိသော ပဲကြော် ပဲလှော်ဖိုများ အမြန်ပြုပြင် ဆောင်ရွက်သွားရန်၊ ပြင်ဆင်ပြီး ပဲကြော် ပဲလှော်ဖိုများကိုလည်း လုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ကျေးရွာရှိ ပဲစိုက်ပျိုးမည့်တောင်သူများ အနေဖြင့်လည်း ပဲမျိုးစေ့များ လိုအပ်ချက်ရှိပါက အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ပျက်စီးဆုံးရှုံးခဲ့သည့် ပဲကြော်ပဲလှော်ဖို ၄၈ ဖိုရှိပြီး ယခုအခါ ပဲလှော်ဖို ၁၈ ဖို ပြန်လည်ပြုပြင် ဆောင်ရွက် ပြီးစီးပြီဖြစ်၍ ပြင်ဆင်ပြီး ပဲလှော်ဖိုများအနက် ပဲလှော်ဖို ၁၀ ဖိုမှာ လုပ်ငန်းများ စတင်လည်ပတ်လျက်ရှိကြောင်း သိရသည်။



ထို့နောက် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု ကွက်သစ်ကျေးရွာသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါးနှင့်စိုက်ပျိုး သီးနှံများ အစား ဒေသနှင့်ကိုက်ညီသည့် သီးနှံများ အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားကာ ဆန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရေဘေးသင့်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် စာသင်ကျောင်းနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ကျေးရွာသူရွာသားများ စုပေါင်း၍ ကျေးရွာတွင်းလမ်းများ သန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးထုတ်လုပ်ပြီး ခေတ်မီအထည်အလိပ်များ ထုတ်လုပ်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံကို နေရာတစ်နေရာသို့ အရောက်ပို့ပေးနိုင်မည်

**နေပြည်တော် အောက်တိုဘာ ၇**

အောက်တိုဘာ ၇ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဝါသီးနှံနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဘီနင်နိုင်ငံ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။



ထို့နောက် ကမ္ဘာ့ဝါသီးနှံနေ့ အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများ၊ ဝါထုတ်လုပ်သူများအသင်း၊ ဝါလုပ်ငန်းရှင်များ၊ ဝါကြိတ်စက်လုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များ၊ အထည်ချုပ်လုပ်ငန်းရှင်များက Virtual စနစ်ဖြင့် သတ်မှတ်နေရာ အသီးသီးမှ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝါဖြစ်ထွန်းအောင်မြင်သည့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး (အနောက်ပိုင်း) တိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေတို့ကို စီမံကိန်းဒေသများအဖြစ် သတ်မှတ်ပြီး ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု ဖော်ဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် ကမ္ဘာ့ဝါသီးနှံနေ့ကို ကျင်းပကြခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများ၌ ဝါကိုစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် ဖန်တီးပေးခြင်း၊ စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းပေးခြင်း စသည့်အခန်းကဏ္ဍတို့တွင် အခွင့်အလမ်းများစွာရှိကြောင်း။

ဝါသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သီးနှံဖြစ်ကြောင်း၊ အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို စိုက်ပျိုးထုတ်လုပ်ပြီး ခေတ်မီအထည်အလိပ်များ ထုတ်လုပ်ခြင်း၊ ဝါတန်ဖိုးမြှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံကို နေရာတစ်နေရာသို့ အရောက်ပို့ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က သွင်းကုန်အားကိုးမှုကို လျှော့ချရန်နှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်၍ ဝါအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဝါနေ့ အထိမ်းအမှတ် Video Clip ပြသပြီး တာဝန်ရှိသူများက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝါနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဝါနှင့်ပတ်သက်သည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ဝါစိုက်ပျိုးထုတ်လုပ်နေမှုနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ဈေးကွက်ရရှိရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသွားရာ လမ်းတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်နံရံများမှ မြေသားများ လမ်းပေါ်သို့ ပြိုကျခဲ့မှုအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှု၊ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် လမ်းများအား ပြုပြင်ဆောင်ရွက်နေမှု၊ ယာယီသွားလာနိုင်ရေး ဆောင်ရွက်ထားမှုနှင့် ဓာတ်အားပေးစက်ရုံသို့ သွားရောက်သည့် ချဉ်းကပ်လမ်း ရေတိုက်စားပျက်စီးခဲ့မှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံသို့ သွားရာလမ်းကြောင်း ပြန်လည်ဖောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန်နှင့် လမ်း၏ အထက်ဘက်ရှိ ဓာတ်အားပေးစက်ရုံ Switch Yard နှင့် အဆောက်အအုံများ ထိခိုက်မှုမရှိစေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံရှုရပ်သို့ ရောက်ရှိကာ တမံအတွင်း ရေဝင်ရောက်မှု၊ ရေပိုလွှဲမှ ရေလျှံကျနေမှုနှင့် တမံကြံခိုင်မှုအခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံအတွင်း ရေဝင်ရောက်ခဲ့မှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး ဓာတ်အားပေးစက်များ ပျက်စီးမှုအခြေအနေကို အမြန်ဆုံးစစ်ဆေးပြီး လိုအပ်သည်များ ပြုပြင်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ဝန်ထမ်းများ စုစည်း၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက ပြည်ပမှ ကျွမ်းကျင်သူများ ငှားရမ်းဆောင်ရွက်သွားရန် မှာကြားကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ၊ ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားပြီး တပ်ဆင်အင်အားအနေဖြင့် ၇၀ မဂ္ဂါဝပ် ဓာတ်အားပေးစက် နှစ်လုံးဖြင့် စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ကို ၂၃၀ ကေဗွီ အထက်ပေါင်းလောင်း-နန်ချို ဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားကွန်ရက် စနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ တမံအတွင်း ရေဝင်ရောက်မှုများပြားပြီး ရေပိုလွှဲမှ ပေ ၂၀ ကျော် ရေလျှံကျမှုကြောင့် ဓာတ်အားပေးစက်ရုံအတွင်း ရေများဝင်ရောက်ခဲ့သည့်အတွက် ဓာတ်အားပေးစက်များ ရေနစ်မြုပ်ပြီး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့မှ အင်ဂျင်နီယာများပူးပေါင်း၍ ကျွမ်းကျင်ဝန်ထမ်းများဖြင့် အဖွဲ့များခွဲကာ စစ်ဆေးခြင်းနှင့် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# သာယာဝတီခရိုင်အတွင်း သီးနှံအာမခံ သတ်မှတ်ထားသော မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှု လျော်ကြေးပေးအပ်

**သာယာဝတီ အောက်တိုဘာ ၇**

သာယာဝတီခရိုင်အတွင်း ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံ သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် လျော်ကြေးပေးအပ်ပွဲကို သာယာဝတီမြို့ ဆရာစံခန်းမ၌ အောက်တိုဘာ ၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။




ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာယာဝတီခရိုင်အတွင်း ဇူလိုင်လနှင့် ဩဂုတ်လတွင် ရွာသွန်းမြဲထက် မိုးရေချိန် လက်မ ၂၀ ဒသမ ၀၇ လက်မ ပိုမိုရွာသွန်းခဲ့၍ မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ရကြောင်း၊ သာယာဝတီခရိုင်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ စိုက်ပျိုးစရိတ်ထုတ်ယူပြီး မြန်မာ့အာမခံလုပ်ငန်းတွင် သီးနှံအာမခံထားရှိသည့် တောင်သူဦးရေ ၁၉၅၈၆ ဦး၊ ဧကပေါင်း ၁၃၄၀၁၇ အတွက် လျော်ကြေးငွေကျပ် ၄ ဒသမ ၁၂၀ ဘီလီယံ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ကေများအတွက်လည်း ထပ်မံထုတ်ပေးရမည်ဖြစ်ကြောင်း၊ သီးနှံအာမခံလုပ်ငန်းကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် သီးနှံအာမခံကို နောင်နှစ်များတွင်လည်း မဖြစ်မနေထားရှိကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံဆိုင်ရာသိကောင်းစရာများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဦးဆောင် ညွှန်ကြားရေးမှူးက တောင်သူများ သီးနှံအာမခံထားရှိခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့မှ တောင်သူများအား သီးနှံအာမခံလျော်ကြေး ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မင်းလှမြို့နယ်၊ မိုးညိုမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်များရှိ တောင်သူများအတွက် သီးနှံလျော်ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ သီတင်းကျွတ်လပြည့်နေ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ အောက်တိုဘာ ၇**

ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ပွဲတော်ကို မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ပူဇော်ကန်တော့ပွဲ၊ သံဃာပဝါရဏာသိမ်ဆင်းလောင်းလှူပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ပူဇော်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် အထောက်အကူပြု လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

သီတင်းကျွတ်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သီတင်းကျွတ် လပြည့်နေ့ပွဲတော်ကို ယခင်နှစ်များထက် ပိုမိုထူးခြား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး သက်ဆိုင်ရာ အထောက်အကူပြု လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကာ လိုအပ်သည်များ တင်ပြဆွေးနွေးပေးကြရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။



သီတင်းကျွတ် လပြည့်နေ့ နံနက်ပိုင်းတွင် အနည်းဆုံး အောက်ခြေအချင်း ခြောက်ပေ၊ အမြင့် ပေ ၄၀ နှင့်အထက်ရှိသော မီးပုံးပျံကြီး အလုံး ၃၀ ကို ဘားအံမြို့ သီရိကွင်း၌ လွှတ်တင်ပူဇော်မည်ဖြစ်ပြီး နံနက် ၁၀ နာရီခန့်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်မြို့နယ်များမှ ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ပင့်ဖိတ်ပူဇော်ကန်တော့၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကာ မွန်းလွဲပိုင်းတွင် ဘားအံမြို့ မဲဘောင်ကျောင်းကြီး၌ သံဃာပဝါရဏာဆောင် ရဟန်း၊ သံဃာတော်အပါး ၃၆၀ ခန့်အား သိမ်ဆင်းလောင်းလှူ၍ ညဦးပိုင်းတွင် ဘားအံမြို့ သေဠမာရ်အောင်ဘုရားကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ ဝါးလက်မှု ပစ္စည်းထုတ်လုပ်မှု အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်

**မှော်ဘီ စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးစီး၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု အသက်မွေးဝမ်းကျောင်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မှော်ဘီမြို့နယ် AFoCO RETC သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဦးက သင်တန်း အမှာစကား ပြောကြားပြီး AFoCO RETC မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး ပြည်သူအဆင့် သင်တန်းသား ၁၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ရေဘေးဒဏ်ခံစားရသော ပြည်သူများအတွက် အလှူရှင်များက အလှူငွေများ လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၇**

ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက် မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒမာလာက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဇာတိဌာန၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင်စကား လျှောက်ထားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေး၊ စာရေရိက္ခာဖူလုံရေးအတွက် စိုက်ဧကများအလိုက် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးရေး၊ သီးထပ်စွမ်းအား ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးတို့ကို အလေးထားဆောင်ရွက် ကြစေလိုကြောင်း နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး၌တွေ့ဆုံပြီး တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**



ထို့ပြင် ဒေသအလိုက် ထုတ်လုပ်မှုကဏ္ဍများ တိုးတက်အောင် ဆောင်ရွက်သွားရန်၊ စားသုံးကုန်ပစ္စည်းများကို ဒေသတွင်းလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ကြရန်၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများ အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် ကုစားမှုများ လုပ်ဆောင်ကြရန်၊ ကျောင်းနေအရွယ် ကလေးများအားလုံး KG+9 အထိ မဖြစ်မနေ ကျောင်းတက်ရောက် ပညာသင်ကြားနိုင်ရေးနှင့် အမှန်တကယ် စာတတ်မြောက်အောင် သင်ကြားပေးရန်၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းများ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး Good Things Assessment Center ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၇**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်ရှိ Good Things Assessment Center ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စင်တာတာဝန်ခံက Assessment Center တည်ထောင်ဖွင့်လှစ်မှုနှင့် ဂဟေဆက် အလုပ်အကိုင် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Assessment Center တွင် အသုံးပြုမည့် စက်ပစ္စည်းများ ကြံ့ခိုင်မှုရှိရန်နှင့် Assessor များ ကျွမ်းကျင်မှုရှိရေး Chief Assessor ၏ ဦးဆောင်မှုဖြင့် ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးရန် မှာကြားပြီး လုပ်သားများအား လေ့ကျင့် သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် နံနက်ပိုင်းက ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ဖွင့်လှစ်သည့် စားသောက်ဆိုင် ဝန်ဆောင်မှု သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) ကို ၁၉၇၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်အကိုင်ရှာဖွေနေသူ လူငယ်လူရွယ်များအတွက် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အလုပ်အကိုင်များဖြစ်သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ ဂဟေဆက်ခြင်း၊ လေအေးပေးစက် တင်ဆင်/ပြုပြင်ခြင်း၊ မော်တော်ယာဉ် စက်ပြင်နှင့် ဆောက်လုပ်ရေး အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်လင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**လှိုင်လင် အောက်တိုဘာ ၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိကောက်ယူလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ရပ်ကွက်ကျေးရွာအလိုက် စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်းကောက်ယူနေမှုကို မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးမိုးမောင်မောင်ခင်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ နယ်မြေမှူးများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



လှိုင်လင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ကွက် ၂၅၈ ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက် ၉၉ ဦး ခန့်ထားရာ အောက်တိုဘာ ၆ ရက်အထိ ကောက်ကွက် ၁၀၀ ကောက်ယူပြီးစီးကြောင်း၊ ကျန်ရှိနေသေး သည့် ကောက်ကွက်များကို သတ်မှတ်အချိန်အတွင်းပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေဒေသအေးချမ်း၍ လှိုင်လင် တစ်မြို့နယ်လုံးကို ကောက်ယူနိုင်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၇ ရက်က ဆက်လက်ဆောင်ရွက်လျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

# မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်

**မကွေး အောက်တိုဘာ ၇**

မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာရှိ အလင်းအိမ် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်အား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ မကွေးတိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စာကြည့်တိုက်အတွင်း စာအုပ်စာစောင် များ၊ ပရိဘောဂများ ဖြည့်တင်းထားရှိမှုနှင့် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သံဘိုကျေးရွာအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုကိုလည်းကောင်း၊ နွားချေးမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်ရန် တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ဒုတိယပိုင်း အစီအစဉ်ကို ဘက်စုံသုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကား ပြောကြားသည်။(ယာပုံ)

ထို့နောက် စာကြည့်တိုက်နှင့်ပတ်သက်သည့် အချက်အလက်များအား အောင်ပဒေသာ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်ကိုက လွှဲပြောင်းပေးအပ်ရာ မြို့နယ်အဆင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက လက်ခံရယူသည်။

အဆိုပါ အလင်းအိမ် စာကြည့်တိုက် အဆောက်အအုံသစ်အား နိုင်ငံတော်နှင့် ပြည်သူများက



စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ်သိန်း ၁၀၀၊ စာအုပ်၊ စာစောင်များအတွက် ငွေကျပ်သိန်း ၂၀ နှင့် ပရိဘောဂပစ္စည်းများအတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ဖြင့် ဖြည့်ဆည်းတည်ဆောက်ပြီး မကွေးတိုင်းဒေသကြီးအနေဖြင့် စာကြည့်တိုက်အဆောက်အအုံသစ် ၂၁ ခုအား တည်ဆောက်ပေးသွားမည်ဖြစ်ရာ ယခုစာကြည့်တိုက်အပါအဝင် စုစုပေါင်း စာကြည့်တိုက် လေးခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ကမ္ဘာသုံး အချက်ရေအကျောပေးစနစ်ကို မြန်မာနိုင်ငံအတွင်းရှိ ဂေါက်သီးအားကစားကွင်းများတွင် အသုံးပြုနိုင်ရေး တိုင်းတာပြီးစီးမှု အစီရင်ခံစာ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ဂေါက်ကွင်းများတွင် (World Handicap System) ခေါ် ကမ္ဘာသုံး အချက်ရေအကျောပေးစနစ်ကို မြန်မာနိုင်ငံအတွင်းရှိ ဂေါက်သီး အားကစားကွင်းများတွင် အသုံးပြုနိုင်ရေးအတွက် နေပြည်တော်အတွင်းရှိ City Golf Club နှင့် Royal Myanmar Golf Club တို့၌ Course Rating တိုင်းတာပြီးစီးမှု အစီရင်ခံစာ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Royal Myanmar Golf Club ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အချက်ရေအကျောပေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက Course Rating ဆိုင်ရာ တိုင်းတာခဲ့သည့် အချက်အလက်များနှင့် ပတ်သက်၍ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များ City Golf Club နှင့် Royal Myanmar Golf Club တို့မှ တာဝန်ရှိသူများ၊ ဂေါက်သီးကွင်း အသီးသီးမှ တာဝန်ရှိသူများအား ရှင်းလင်း ပြောကြားသည်။

ထို့နောက် City Golf Club နှင့် Royal Myanmar Golf Club တို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက Course Rating အစီရင်ခံစာကို Royal Myanmar Golf Club နှင့် City Golf Club တို့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။(ဝဲပုံ)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်မှာ ဂေါက်သီးအားကစားနည်းကိုလည်း ပါဝင်ထည့်သွင်း ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဂေါက်သီးအားကစားကွင်းများ အလိုက် ဂေါက်သီးကစားနည်းများ စနစ်တကျ ကျင်းပနိုင်ရေး ထိုသို့ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်းလည်း သိရသည်။ **သတင်းစဉ်**



# ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော သီးနှံများအတွက် တောင်သူများအား အစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစေ့များ ထောက်ပံ့ပေးအပ်

**သာစည် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော သီးနှံစိုက်ကေများအတွက် တောင်သူများ သီးနှံအစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်နံနက် ၁၀ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက ထောက်ပံ့ပေးသည့်မျိုးစေ့များ စနစ်တကျစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးဖြစ်ထွန်းစေရန် ဌာနဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ငွေငွေနှင့် တာဝန်ရှိသူများက မိုးစပါးတင်း ၄၂၀၊ နေကြာ ၃၅ အိတ်၊ ချည်မျှင်ရှည်ဝါအိတ် ၁၀၀ နှင့် ပိုက်ဆံလျှော် အိတ် ၁၀၀ တို့ကို ကျေးရွာအုပ်စု ၁၆ စုမှ တောင်သူများအားထောက်ပံ့ပေးပြီး(အပေါ်ပုံ) ကျန်ရှိကေများအတွက်လည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကျေးဇူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း



လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က အသင်းရုံးခန်းမ၌ ကျင်းပသည်။(ဝဲပုံ)

အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်း၏ အမှုဆောင် ဦးခင်မောင်ထွေးက ဆောင်ရွက်ပြီး မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၊ နှစ်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်း အစီရင်ခံစာများကို အမှုဆောင်များက ဖတ်ကြားပြီး အသင်းသားများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မင်းဘူးမြို့၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသဖော်ဆောင်ရေး အစည်းအဝေးကျင်းပ

**မင်းဘူး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မင်းဘူး(စကု)မြို့နယ်အတွင်းမှ မန်းရွှေစက်တော်၊ စက္ကိန်းတဲ၊ ထေရ်ကြီးဘုရားများ၊ နဂါးပွက်တောင်၊ ရုပ်စုံကျောင်းနှင့် ပိဋကတ်တိုက်ကျောင်းများ၊ ပွင့်ဖြူမြို့မှ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၊ ဆံရစ်ဝိုင်းလေးများရှိရာ ရေပုတ်ကြီးရွာနှင့် လယ်ကိုင်းရုပ်စုံကျောင်း၊ စလင်းမြို့မှ ဝက်သည်းကန်၊ ဗိုလ်ဥတ္တမခံတပ်နှင့် စလင်းရုပ်စုံကျောင်းများ စသည့်ဒေသတွင်းမှ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများကို အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ အလွယ်တကူ သွားရောက်လေ့လာ လည်ပတ်နိုင်စေရန် လမ်းညွှန်အမှတ်အသားများပြ မြေပုံအညွှန်းများ၊ ဗီနိုင်းပိုစတာများစိုက်ထူ၍ ပြသထားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အစည်းအဝေးသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်၊ မင်းဘူး(စကု)မြို့နယ် မယ်ဘော့ကုန်းကျေးရွာမှ သမိုင်းသုတေသီ၊ စာရေးဆရာကြီး ဦးကျော်စိန်ဝင်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။


**ဇေယျာထက်(မင်းဘူး)**

# စတီးဝဲလ်ပြတိုက်ထဲက ကမ္ဘာကျော်လီဒိုလမ်း

--- မြင့်မောင်စိုး ---

**တကယ်တော့ လီဒိုလမ်းမကြီးက ကျွန်တော်တို့မြန်မာလူမျိုးတွေနဲ့ သိပ်မစိမ်းပါဘူး။ သို့ပေမယ့် အသုံးပြုမှုနည်းတဲ့အတွက် လူအများစုတော့သိဖို့ခက်ပါတယ်။ ဒီလမ်းမကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်းက စစ်သုံးလမ်းမကြီးဖြစ်လို့ သမိုင်းဝင်လမ်းမကြီးဖြစ်သလို စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ ဒီလမ်းနဲ့ ပတ်သက်လို့ ပြတိုက်ကြီးတစ်ခု ဖွင့်လှစ်ပြသထားတာရှိပါတယ်။**

ဒီပြတိုက်ကတော့ တရုတ်နိုင်ငံ ချုံချင့်မြို့မှာ ဖြစ်ပါတယ်။ တချို့က ဒီမြို့ကို ချုံကင်းလို့လည်း ခေါ်ကြပါသေးတယ်။ ပြီးခဲ့တဲ့စက်တင်ဘာလလယ်က ကျွန်တော်တို့ မြန်မာမီဒီယာအဖွဲ့ကို ရန်ကုန်မြို့ တရုတ်သံရုံးရဲ့ ဖိတ်ကြားမှုနဲ့ တရုတ်နိုင်ငံကို သွားရောက်လည်ပတ်တဲ့ခရီးစဉ်မှာ အဲဒီပြတိုက်ကိုလည်း ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာမီဒီယာအဖွဲ့ရောက်သွားချိန်မှာ တရုတ်ပြတိုက်တာဝန်ရှိသူတွေက ဝမ်းပန်းတသာကြိုဆိုပြီးတော့ ပြတိုက်နဲ့ ပတ်သက်လို့ အသေးစိတ် လိုက်လံရှင်းပြပေးခဲ့ပါတယ်။ ပြီးတော့ ဒီပြတိုက်က ချုံချင့်မြို့ရဲ့ မြစ်ကမ်းနံဘေးမှာ မေးတင်တည်ရှိနေတာဖြစ်လို့ အတော်လေးသာယာဖွယ်ကောင်းပါတယ်။



ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သည့် လီဒိုလမ်းမကြီး။




စတီးဝဲလ်၏ ပုံတူကျောက်ရုပ်တု။

ပြတိုက်ရဲ့ ခြံဝင်းထဲဝင်သွားတာနဲ့ စတီးဝဲလ်ရဲ့ ကိုယ်တစ်ပိုင်းပုံ ကျောက်ရုပ်တုကြီးက ခပ်ပြုံးပြုံးကြီး ကြိုဆိုနေတာ သတိပြုမိပါတယ်။ ရုပ်တုရဲ့ အောက်ခြေမှာတော့ တရုတ်လို ရေးထားတယ်။ အင်္ဂလိပ်လိုတော့ ဂျိုးဇက်ပ်ဝါရန်စတီးဝဲလ် JOSEPH W.STILWELL (၁၈၈၃-၁၉၄၆)တဲ့။ ဆိုတော့ သူ လူ့ပြည်မှာ ၆၃ နှစ်နေသွားတယ်ဆိုတဲ့ သဘောပေါ့။ လူ့လောက ကောင်းကျိုးအတော်များများ လုပ်သွားတယ်ဆိုတဲ့ သဘောပဲ။ သူက လီဒိုလမ်းကြီးကို ဦးဆောင်ဖောက်သွားခဲ့တယ်။ ပြီးတော့သူက ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီး။ တရုတ်၊ မြန်မာနဲ့ အိန္ဒိယနိုင်ငံတွေမှာ ရှေ့တန်းစစ်မျက်နှာတွေမှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ တရုတ်နိုင်ငံကိုလည်း ၁၉၁၁ ကနေ ၁၉၄၆ ခုနှစ်အထိ ငါးကြိမ်လောက် လာသွားတယ်။ ပြီးတော့ တရုတ်စကားလည်း ကောင်းကောင်းတတ်တယ်တဲ့။ တကယ့် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အထူးသဖြင့်တော့ တရုတ်လူမျိုးတွေက စတီးဝဲလ်ကို ဘာလို့ပြတိုက်ဖွင့်ပြီး ဂုဏ်ပြုထားသလဲဆိုတော့ သူက ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်ကျူးကျော်မှုကို ဆန့်ကျင်တဲ့ တရုတ်ပြည်သူတွေကို ထောက်ခံအားပေးတယ်။ အရေးကြီးတဲ့ ကူညီမှုတွေလည်း လုပ်ခဲ့တယ်။ အဲဒါကြောင့် စတီးဝဲလ်ကို တရုတ်လူမျိုးတွေက လေးစားကြတယ်။ ချစ်ကြတယ်။ စတီးဝဲလ်နဲ့ပတ်သက်ပြီး တရုတ်လူမျိုးတွေမှာ သတိရစရာ၊ အမှတ်ရစရာ၊ ပြောစရာတွေ အများကြီးရှိမှာပါ။ ဒီအတွက်ကြောင့် စတီးဝဲလ်ကို ဂုဏ်ပြုတဲ့အနေနဲ့ အမှတ်တရ ပြတိုက်တစ်ခုထားရှိတာဖြစ်မှာပါ။ ကျွန်တော်တို့ မီဒီယာအဖွဲ့ ပြတိုက်အိမ်ထဲဝင်လိုက်တာနဲ့ စတီးဝဲလ် အသုံးပြုခဲ့တဲ့ အိပ်ရာ၊ ခုတင်တွေ၊ ရုံးသုံးလက်နှိပ်စက်လို ပစ္စည်းတွေ၊ အမှတ်တရ ဓာတ်ပုံမှတ်တမ်းတွေ တွေ့ရတယ်။ သူဝတ်ခဲ့တဲ့ စစ်အင်္ကျီတွေ၊ တံဆိပ်တွေလည်းတွေ့ရတယ်။ ပြတိုက်ရဲ့တစ်နေရာမှာတော့ စစ်သုံးဂျစ်ကားနှစ်စီး ပြသထားတာတွေ့ရတယ်။ ဒီကားတွေက ဒုတိယကမ္ဘာစစ်တုန်းကဆိုတော့ နှစ်တွေကြာခဲ့ပြီလေ။ တကယ့်ကိုပဲ သမိုင်းတန်ဖိုး ကြီးမားလှပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက ချုံချင့်မြို့နေအိမ်ဟာ သူ့ရဲ့ဌာနချုပ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ဒီနေရာဟာ အရေးကြီးတဲ့စစ်ဆင်ရေး ဆွေးနွေးမှုတွေ ပြုလုပ်တဲ့နေရာလို့လည်း သိရပါတယ်။ ဒါကြောင့်လည်း ပြတိုက်နေရာဖြစ်ခဲ့တာကိုး။

လီဒိုလမ်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ထပ်မံသိရှိရတာက အမည်လေးမျိုးတောင်ရှိတယ်။ လီဒိုလမ်းအပြင် စတီးဝဲလ်လမ်းလို့ ခေါ်ကြပါသေးတယ်။ ဗိုလ်ချုပ်ကြီး စတီးဝဲလ် ဦးဆောင်ဖောက်လုပ်ခဲ့တာကြောင့် လမ်းအမည်ကို စတီးဝဲလ်လမ်းအဖြစ် ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဒ့ါပြင် Burma Road တဲ့၊ ပိုးလမ်းမ (Silk Road) တဲ့။ အမျိုးမျိုးခေါ်ကြတာကို သတိပြုမိပါတယ်။ ဒီလမ်းမကြီးကို ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်က ၁၉၄၂ ခုနှစ်မှာ ဖောက်လုပ်ခဲ့တယ်လို့ သိရပါတယ်။ အိန္ဒိယနိုင်ငံ အာသံပြည်နယ် လီဒိုမြို့လေးကစတင်ပြီးတော့ မြန်မာနိုင်ငံ ကချင်ပြည်နယ်ကို ဖြတ်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ လမ်းဆုံးတယ်လို့ သိရပါတယ်။ လမ်းမကြီးရဲ့အရှည်ကတော့ ၁၇၃၆ ကီလိုမီတာရှိပါတယ်။ မိုင်အားဖြင့်ကတော့ ၁၀၇၂ မိုင် ဖြစ်ပါတယ်။ လက်ရှိအိန္ဒိယကနေ မြန်မာအထိသာ လမ်းကောင်းပြီးတော့ တရုတ်အထိတော့ သွားလို့မရတော့ဘူးလို့ သိရပါတယ်။ လီဒိုလမ်းမကြီးအပေါ် ပထမဆုံး ယာဉ်တန်းကို ဖြတ်သန်းသွားတဲ့အချိန်ကတော့ ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီလို့ မှတ်တမ်းများမှာ ဖော်ပြထားပါတယ်။ အဲဒီအချိန်ကစလို့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ကို ကုန်းလမ်းကြောင်း ကုန်သွယ်မှုစတင်ခဲ့တယ်လို့ဆိုပါတယ်။

ကျွန်တော်တို့ မီဒီယာအဖွဲ့အနေနဲ့ ပြတိုက်က အပြန် ဒီလိုလည်းစဉ်းစားမိပါတယ်။ တကယ်သာ လီဒိုလမ်းမကြီး ဆက်ပြီးအသုံးပြုသွားလာနိုင်မယ်ဆိုရင် တရုတ်နဲ့ အိန္ဒိယ အပြန်အလှန် ကုန်သွယ်ကြပြီး မြန်မာနိုင်ငံက ကြားခံနိုင်ငံအဖြစ် အကျိုးရှိအောင် အသုံးချနိုင်မှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ ကမ္ဘာမှာလူဦးရေအများဆုံးနိုင်ငံတွေပါ။ လူဦးရေ သန်း ၁၃၀၀ စီရှိတဲ့ နိုင်ငံကြီးတွေပါ။ ဒီနိုင်ငံကြီးတွေက လူဦးရေသာမကပါဘူး သိပ္ပံနဲ့ နည်းပညာ၊ ဆေးဝါးလုပ်ငန်း၊ အိုင်တီနည်းပညာ စသည်ဖြင့် အစစအရာရာသာလွန်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ပထဝီအနေအထားအရ အဲဒါကိုက ကျွန်တော်တို့ မြန်မာလူမျိုးတွေအတွက် အခွင့်အရေးတစ်မျိုးလို့ ဆိုနိုင်ပါတယ်။ ဒီအခွင့်အရေးကို ကျွန်တော်တို့ မြန်မာလူမျိုးတွေက ကောင်းကောင်းအသုံးချတတ်ဖို့ လိုပါတယ်။ ကမ္ဘာ့လူအင်အားအများဆုံး နိုင်ငံကြီး နှစ်နိုင်ငံကို ချိတ်ဆက်ပေးခြင်းဖြင့် ကုန်စည်ဖြတ်သန်းခွင့်လိုမျိုး အကျိုးအမြတ်တွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေလို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုတွေလည်း ရှိလာနိုင်တယ်လို့ ထင်မြင်သုံးသပ်မိပါတယ်။ ။




ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် စစ်သုံးဂျစ်ကားတစ်စီးအား ပြတိုက်အတွင်း ပြသထားစဉ်။

❖ **တကယ်သာ လီဒိုလမ်းမကြီး ဆက်ပြီးအသုံးပြုသွားလာနိုင်မယ်ဆိုရင် တရုတ်နဲ့ အိန္ဒိယ အပြန်အလှန် ကုန်သွယ်ကြပြီး မြန်မာနိုင်ငံက ကြားခံနိုင်ငံအဖြစ် အကျိုးရှိအောင် အသုံးချနိုင်မှာဖြစ်**

❖ **ကမ္ဘာ့လူအင်အားအများဆုံး နိုင်ငံကြီး နှစ်နိုင်ငံကို ချိတ်ဆက်ပေးခြင်းဖြင့် ကုန်စည်ဖြတ်သန်းခွင့်လိုမျိုး အကျိုးအမြတ်တွေ ရရှိလာနိုင်**

❖ **ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေလို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုတွေလည်း ရှိလာနိုင်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့အတွင်း ရေများပြန်လည်ကျဆင်းနေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် အောက်တိုဘာ ၇**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေဝင်ရောက်လျက်ရှိသည့် ကန္တရဝတီတံတား၊ သီရိမင်္ဂလာ(ယာယီ)ဈေး ၊ ဒေါနိုးကူးတံတား၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်နှင့် မြို့လယ်မီးပွိုင့်နေရာများ၌ ရေများပြန်လည်ကျဆင်းနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။**(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန္တရဝတီတံတား၌ ရေများပြန်လည် ကျဆင်း၍ စည်ပင်သာယာရေးအဖွဲ့များက အမှိုက်များဆယ်ယူနေမှု၊ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တံတားကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် သီရိမင်္ဂလာ(ယာယီ)ဈေးအတွင်း ရေများပြန်လည်ကျဆင်းသွားသည့် ဈေးဆိုင်ခန်းများတွင် ပြန်လည်ဖွင့်လှစ် ရောင်းချနေမှုများကို သွားရောက်ကြည့်ရှုပြီး ဈေးသူ၊ ဈေးသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ ဈေးရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေစေရေးအတွက် ယာယီဈေးအတွင်း သန့်ရှင်းရေး၊ စနစ်တကျ နေရာချထားရေးနှင့် အမြန်ဆုံးပြန်လည် ဖွင့်လှစ်ရောင်းချနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါနိုးကူးရပ်ကွက် ဒေါနိုးကူးတံတားသို့ သွားရောက်ကာ တံတားနှင့်တံတားပတ်ဝန်းကျင်၌ ဘီလူးချောင်းရေ ပြန်လည်ကျဆင်းနေမှုအခြေအနေများနှင့် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရေများပြန်လည်ကျဆင်းနေမှုများကို သွားရောက်ကြည့်ရှုပြီး ရေများအားလုံးကျဆင်းသည်နှင့် ရပ်ကွက်နေပြည်သူများအား ချက်ချင်းနေရာ ပြန်လည်ချထားပေးနိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းများပြန်လည်တက်ရောက်နိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်နှင့် မြို့လယ်မီးပွိုင့်နေရာများတစ်လျှောက် ရေများ ပြန်လည်ကျဆင်းနေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးလုပ်ငန်းများ၊ အဆောက်အအုံ ပျက်စီးမှုပြုပြင်ခြင်းနှင့် လမ်းတံတားပျက်စီးမှု ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဌေးလှိုင် ကလောမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြန်လည်ထုတ်ပေးမှုနှင့် သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့သို့ ရောက်ရှိပြီး ကလောမြို့ အမှတ် (၁) နှင့် (၅) ရပ်ကွက်အတွင်း စာရင်းစစ်၊ စာရင်းကောက်များက Mobile Tablet များဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မေးခွန်းများအား တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ကလောမြို့ မြို့မကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကလောမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးသွားသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များက Mobile Tablet များဖြင့် ရေဘေးသင့်ပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ အစုအဖွဲ့မေးခွန်းပုံစံဖြင့် မေးမြန်းကောက်ယူနေမှုကိုလည်းကောင်း၊ ရေဘေးကြောင့် ပျောက်ဆုံးသွားသည့် e-ID စနစ်ဖြင့် ထုတ်ပေးထားသော Unique ID နံပါတ်ပါ စာရွက်များအား e-ID Sever ဖြင့် တိုက်ဆိုင်စိစစ်၍ ပြန်လည်ထုတ်ပေးနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ**(ယာပုံ)** သန်းခေါင်စာရင်း အကျႌများနှင့် အသုံးအဆောင်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကာယကံရှင်ပြည်သူများထံ ပေးအပ်ပြီး ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။



ဆက်လက်၍ အောင်ပန်းမြို့ မင်္ဂလာရပ်ကွက်၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကိုလည်းကောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွားခဲ့သည့် ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထို့နောက် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း / တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီ တံတားများ အစားထိုး၍ပြန်လည် ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိပြီး ပြုပြင်ရန်ကျန်ရှိနေသည့် လမ်း၊ တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ် ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မိုး/ဇလ

# အထက်မင်းလှမြို့နယ်တွင် ပဲကြီးသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပဲကြီးသီးနှံကို စိုက်ဧက ၅၀ ခန့် စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲကြီးသီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင် သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးခြင်းကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ပဲကြီးအဖြူမျိုးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် လေးပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် လေးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၀-၁၃ တင်းခန့်ထွက်ရှိပြီး မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲကြီးသီးနှံ ပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၇-၁၀ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ပဲကြီးအဖြူ တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀-၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများနှင့်မြို့နယ်အတွင်းရှိ ပဲကြမ်းကြော် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများသို့ တင်ပို့ရောင်းချကြောင်း၊ မယ်ဇလီတောကျေးရွာတွင် ပဲကြီးသီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ဈေးကောင်းရရှိပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

DOCA(မကွေး)



# ကျောက်တန်းကျေးရွာတွင် ဖရဲသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး ဖရဲသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြောင်း၊ ဖရဲသီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် ခူးဆွတ်ကြကြောင်း၊ မျိုးအနေဖြင့် ပျားရည်ဆမ်း (အဝါ) ဖရဲမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ်ခြောက်ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာ၌ မျိုးစေ့ကို ပျိုးအိတ်ဖြင့် ပျိုးထောင်၍ ၂၀ ရက်သားအရွယ်တွင် မြေချစိုက်ပျိုးကာ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခနှင့် ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ဖရဲသီးအလုံးရေ ၁၀၀၀-၁၂၀၀ ခန့် ထွက်ရှိကြောင်း၊ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ပျားရည်ဆမ်းဖရဲသီး(ဝါ) လက်ကားဈေး တစ်လုံးလျှင် ငွေကျပ် ၁၇၀၀ - ၂၂၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၃ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းဘူးမြို့နယ်ဒေသတွင်း သစ်သီးဒိုင်များမှ စိုက်ခင်းအရောက် လာရောက်ဝယ်ယူကြသည့်အပြင် မကွေးမြို့ပေါ်ရှိ သစ်သီးအရောင်းဆိုင်များသို့လည်း တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် ဖရဲသီးအထွက်နှုန်း အသင့်အတင့်ရှိသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

# မင်းဘူးမြို့နယ်၌ ငရုတ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ကြက်သွန်နီ၊ နှမ်း၊ စပါးနှင့် ပဲမျိုးစုံသီးနှံများကိုစိုက်ပျိုးကြပြီး စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို စိုက်ဧက ၂၀၀ ခန့် စိုက်ပျိုးမှုရှိကြောင်း သိရသည်။

ငရုတ်သီးကို မေလတွင် ပျိုးထောင်၍ ဇွန်လတွင် မြေချစိုက်ပျိုးကြပြီး စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သာမို-၉၀၀၊ သာမို-၆၉၂ နှင့် သာမို-၉၉၉ တို့ကို စိုက်ပျိုးပြီး သာမို-၉၀၀ နှင့် သာမို-၆၉၂ ငရုတ်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျပြီး ပိဿာ ၈၀၀-၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ သီးနှံပေါ်စအချိန်တွင် လက်ကားဈေးအနေဖြင့် သာမို-၉၀၀ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၄၂၀၀၊ သာမို-၆၉၂ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀-၄၅၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၅-၁၇ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် လက်ကားဈေးအနေဖြင့် သာမို-၉၀၀ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀-၄၈၀၀၊ သာမို - ၆၉၂ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀-၅၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့၊ မင်းဘူးမြို့နှင့် စကုမြို့များရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးနှံများ အသင့်အတင့်သာ ထွက်ရှိသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

# မင်းဘူးမြို့နယ်တွင် ဆောင်းမြေပဲများ ဖြစ်ထွန်းအောင်မြင်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် လက်ပံတောကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆောင်းမြေပဲများကိုလည်း စိုက်ဧက ၁၅၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ ဆောင်းမြေပဲကို ဩဂုတ်လတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး သုံးလအကြာတွင် တူးဖော်ရကြောင်း သိရသည်။

ဆောင်းမြေပဲမျိုး အနေဖြင့် ပင်ထောင်(အနီ)မျိုးကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မြေပဲမျိုးစေ့ သုံးတင်းခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခွဲခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် တင်း ၁၀၀ ခန့်ထွက်ရှိကာ ဈေးနှုန်းအနေဖြင့် မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၃ သိန်းခွဲခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် မြေပဲသီးနှံ တစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀ - ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းဘူးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ လက်ရှိအချိန်တွင် မြေပဲသီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များ ဝေဆာ၍ ဖြစ်ထွန်း အောင်မြင်လျက်ရှိသောကြောင့် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မကွေး)

## ၇-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | ခရမ်းချဉ်သီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၃၈၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၉၀၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၃၃၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၄၇၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၁၅၀ | ၁၄၅၀၀ | ၃၂၀၀ | ၁၅၅၀၀ | ၁၈၅၀၀ | ၁၂၀၀၀ | ၉၈၀၀ | ၈၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၂၀၀၀ | ၇၂၅၀ | ၇၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၅၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၈၀၀ | | ၆၃၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၂၁၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၃၇၀ | ၁၃၄၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၃၀၀၀ | ၇၃၇၀ | ၁၃၆၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၃၀၀၀ | ၇၃၇၀ | ၁၃၆၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၅၀၀ | ၇၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၇၂၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |

# အစ္စရေးနှင့် ဟားမားစ် ပဋိပက္ခတစ်နှစ်ပြည့်ချိန် ဂါဇာကမ်းမြောင်၌ သေဆုံးသူ ၄၁၀၀၀ ကျော်ရှိလာ

**တိုကျို အောက်တိုဘာ ၇**

**၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်သည် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမားစ်တို့အကြား တိုက်ပွဲများစတင်ခဲ့မှု တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအပြင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများမှာလည်း ရပ်တန့်သွားခဲ့သဖြင့် အဆိုပါနယ်မြေအတွင်း သေဆုံးသူဦးရေ ၄၁၀၀၀ ကျော်သွားခဲ့ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။**



အစ္စရေးလေကြောင်းတိုက်ခိုက်မှုအပြီး အပျက်အစီးများအကြား အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေနေသည့် ပါလက်စတိုင်းဒေသခံများ။

ပါလက်စတိုင်းရှိ ဟားမားစ်စစ်သွေးကြွအဖွဲ့သည် ပြီးခဲ့သောနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံအပေါ် ကြီးမားသော အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူပေါင်း ၁၂၀၀ ခန့် သေဆုံးပြီး ၂၅၁ ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ယခုအချိန်အထိ စစ်သွေးကြွများ၏ လက်ထဲတွင် ဓားစာခံ ၁၀၁ ဦးအား ဖမ်းဆီးထားဆဲဖြစ်သည်။

အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်အဖွဲ့ကို ဖြိုခွင်းပြီး ကျန်ရှိသောဓားစာခံများကို လွှတ်ပေးရန် ကြိုးပမ်းလျက်ရှိသည်။ ဟားမားစ်တို့ကမူ ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ ၎င်းတို့၏ တပ်ဖွဲ့များအား ဖျက်သိမ်းလိုက်ကြောင်း ဆိုသည်။ အစ္စရေးတပ်မတော်က ဂါဇာမြောက်ပိုင်းရှိ ဂျဘာလီယာတွင် အောက်တိုဘာ ၆ ရက်က မြေပြင်ထိုးစစ်ကို ပြန်လည်စတင်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုများသည် ဟားမားစ်တို့ ပြန်လည်စုဖွဲ့လာမှုကို တားဆီးရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ဂါဇာတွင် တိုက်ခိုက်မှုများ စတင်ချိန်မှစ၍ လူပေါင်း ၄၁၈၇၀ သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေး အရာရှိများက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။ ခန့်မှန်းခြေအားဖြင့် လူဦးရေ ၁ ဒသမ ၉ သန်း သို့မဟုတ် ဂါဇာရှိ လူဦးရေအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ စားနပ်ရိက္ခာနှင့် ရေပြတ်လပ်မှုနှင့် ပြည်သူ့ကျန်းမာရေးအခြေအနေများ ပိုမိုဆိုးရွားလာခြင်းတို့ကြောင့် ဂါဇာကမ်းမြောင်နယ်မြေအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများသည် ဆိုးရွားနေဆဲဖြစ်သည်။

အစ္စရေးတပ်မတော်က လက်ဘနွန်အခြေစိုက် ရှီယိုက်မွတ်စလင် ဟစ်ဇ်ဘိုလာအဖွဲ့ကိုလည်း ပိတ်ဆို့တိုက်ခိုက်လျက်ရှိသည်။ ဂါဇာကမ်းမြောင်ဒေသခံများကမူ နယ်မြေအတွင်း အပစ်အခတ်ရပ်စဲရေးကို အပြင်းအထန်လိုလားနေကြပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်သို့ ကိုးလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၂ ဒသမ ၇ သန်း လာရောက်

**ဟန္နိုင်း အောက်တိုဘာ ၇**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ကိုးလအတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည် ၁၂ ဒသမ ၇ သန်းကျော် ဝင်ရောက်ခဲ့ပြီး ယမန်နှစ်ကထက် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်း အထွေထွေစာရင်းအင်းရုံးမှ ထုတ်ပြန်သည်။

ယင်းကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ ပြည်ပမှ လေကြောင်းဖြင့် ဝင်ရောက်သူ ၁၀ ဒသမ ၈ သန်းနီးပါး(ခရီးသည်စုစုပေါင်း၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်း)၊ ကုန်းလမ်းဖြင့် ၁ ဒသမ ၈ သန်း (၁၃ ဒသမ ၈ ရာခိုင်နှုန်း) နှင့် ပင်လယ်ရေကြောင်းမှ ၁၆၅၇၀၀ ( ၃ ရာခိုင်နှုန်း) ရှိသည်။ ခရီးသည်လူအများစုမှာ အာရှဒေသမှဖြစ်ပြီး ခရီးသည် ၁၀ ဒသမ ၁၂ သန်းရှိကာ ယမန်နှစ်ကထက် ၄၇ ဒသမ ၇ ရာခိုင်နှုန်း တိုးလာသည်ဟု အစီရင်ခံစာက ဆိုသည်။ ပြီးခဲ့သည့် စက်တင်ဘာလတွင် ဗီယက်နမ်သို့ နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၂၇ သန်း လာရောက်ခဲ့သဖြင့် ခရီးသည် ၁ ဒသမ ၄၃ သန်း ဝင်ရောက်ခဲ့သည့် ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် လျော့နည်းခဲ့ကြောင်း အဆိုပါရုံးက ပြောသည်။



ဟိုချီမင်းမြို့ ဘင်ထန့်ဈေးတွင် ဈေးဝယ်ယူနေသော နိုင်ငံတကာခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

စက်တင်ဘာလတွင် ခရီးသွားဦးရေ ကျဆင်းခဲ့သော်လည်း ယခုနှစ်တွင် နိုင်ငံတကာ ခရီးသွား ၁၇သန်းမှ၁၈သန်းအထိ ဆွဲဆောင်နိုင်ရန်ရည်ရွယ်ထားပြီး လွန်ခဲ့သည့် သုံးလအတွင်း ဗီယက်နမ်သို့ ခရီးသည်ဝင်ရောက်မှု အမြင့်ဆုံးရာသီဖြစ်ကြောင်း ဗီယက်နမ်သတင်းက အောက်တိုဘာ ၇ ရက်တွင် ဖော်ပြသည်။

ယခုနှစ်တွင် နိုင်ငံတကာ ခရီးသွား ၁၈ သန်း ဝင်ရောက်ရန် ရည်မှန်းချက် ပြည့်မီတော့မည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်း စီမံကွပ်ကဲမှုဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ငုယင်လီဖူကပြောကြားသည်။

**ဆင်ဟွာ**

## ဟစ်ဇ်ဘိုလာက အစ္စရေးမြောက်ပိုင်း ဟိုင်ဖာမြို့ကို ပစ်ခတ်တိုက်ခိုက်

**ဘေရွတ် အောက်တိုဘာ ၇**

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးနိုင်ငံ မြောက်ပိုင်း ဟိုင်ဖာမြို့သို့ တနင်္လာနေ့တွင် ဒုံးကျည်အများအပြားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပြောသည်။

**ကျူးကျော်မှုကိုတုံ့ပြန်**

ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းပြည်သူများအား မဗိုတ်မသုန်ထောက်ခံကြောင်း ပြသသည့်အနေဖြင့် လည်းကောင်း၊ မြို့များ၊ ကျေးရွာများနှင့် အရပ်သားများအား အစ္စရေး၏ ကျူးကျော်မှုကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း ဒုံးကျည်များဖြင့် ဟိုင်ဖာမြို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**လေကြောင်းတိုက်ခိုက်မှု အကြိမ် ၃၀ ပြုလုပ်**

ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများသည် နင်မ်ရာအခြေစိုက်စခန်းနှင့် ကာမီရယ်အခြေချနေထိုင်သည့် နေရာများကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ပြောသည်။ အစ္စရေးသည် တနင်္လာနေ့ နံနက်ပိုင်းတွင် မြို့များနှင့် ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု အကြိမ် ၃၀ ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်သတင်းအရင်းအမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

လေကြောင်းတိုက်ခိုက်မှုတစ်ခုမှာ လက်ဘနွန်နိုင်ငံတောင်ပိုင်း စရီဖာမြို့ရှိ နေအိမ်တစ်လုံးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြီး လက်ဘနွန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လေးဦးသေဆုံးကြောင်း သိရသည်။

**ဆင်ဟွာ**

## အီရန်ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန်ရန် အဆင်သင့်ရှိဟု အစ္စရေးကာကွယ်ရေးဝန်ကြီးက ထပ်လောင်းပြောကြား

**ဂျေရုဆလင် အောက်တိုဘာ ၇**

အစ္စရေးသည် အီရန်၏ မကြာသေးမီက ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

အစ္စရေးက လက်ဘနွန်ရှိ အီရန် ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာကို အရှိန်မြှင့် တိုက်ခိုက်လျက်ရှိနေသည့် အကြားယင်းပြောကြားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီး ယော့ဗ်ဂါးလဲန့်သည် ဒုံးကျည်အချို့ ထိမှန်ခဲ့သော လေတပ်အခြေစိုက် စခန်းတစ်ခုသို့ သွားရောက်ခဲ့သည်။

ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဟာဆန်နာစရယ်လာ သေဆုံးခြင်းအတွက် လက်တုံ့ပြန် တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရန်က ပြောသည်။ နာစရယ်လာသည် ပြီးခဲ့သည့်လက အစ္စရေးလေကြောင်း တိုက်ခိုက်မှုတစ်ခုအတွင်း သေဆုံးခဲ့သည်။ အီရန်တိုက်ခိုက်မှုအတွင်း လေယာဉ်တစ်စင်းမျှပင် ထိခိုက်ပျက်စီးမှုမရှိကြောင်း ဂါးလဲန့်က ပြောသည်။

ထိခိုက်နစ်နာစေရံ ကြိုးပမ်းရုံမျှဖြင့် အစ္စရေး၏ လုပ်ဆောင်မှုကို အဟန့်အတားဖြစ်စေလိမ့်မည်ဟု ထင်မြင်သူတိုင်းက ဂါဇာကမ်းမြောင်နှင့် ဘေရွတ် အခြေအနေများကို ကြည့်ရှုသင့်ကြောင်း ၎င်းက ဆက်ပြောသည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗအရာဂ်ချီက အစ္စရေး၏ ရန်လိုမှုတိုင်းကို တီဟီရန်၏ တုံ့ပြန်ဆောင်ရွက်မှုများမှာ ပြတ်သားပြီး ပြင်းထန်လိမ့်မည်ဖြစ်ကြောင်း ပြောသည်။

ထို့အပြင် ၎င်းက အစ္စရေး အနေဖြင့် အီရန်ကို အကဲစမ်းရန်အတွက်လည်း ပြောကြားထားသည်။

အစ္စရေး တပ်မတော်သည် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့ကို တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက် ရှိကြောင်း၊ တနင်္ဂနွေနေ့တွင် ဘေရွတ်မြို့ကို လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လက်ဘနွန် မြို့တော်၏ တောင်ပိုင်း ဆင်ခြေဖုံးများတွင် လေကြောင်းတိုက်ခိုက်မှု အကြိမ် ၃၀ ကျော် ဖြစ်ပွားခဲ့ကြောင်း လက်ဘနွန်နိုင်ငံပိုင် မီဒီယာက တနင်္ဂနွေနေ့တွင် ပြောသည်။




ထို့ပြင် ယင်းတိုက်ခိုက်မှုမှာ အစ္စရေး၏ ရန်လိုတိုက်ခိုက်မှု စတင်ပြီးနောက်ပိုင်း အပြင်းထန်ဆုံးဖြစ်ကြောင်း သိရသည်။ အစ္စရေးတပ်မတော်က မြေပြင်ထိုးစစ်ဆင်မှုများ လုပ်ဆောင်နေသည့် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ အချို့ဒေသများတွင် ဘေးလွတ်ရာ တိမ်းရှောင်ကြရေးအတွက်လည်း အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း (၇)ရက်မြောက် ကောက်ယူနေမှုများကို ကွင်းဆင်းကြည့်ရှု

**ကော့သောင်း အောက်တိုဘာ ၇**

နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ စတင်၍ ရပ်ကွက်၊ ကျေးရွာအလိုက် အိမ်တိုင်ရာရောက် ကောက်ယူလျက်ရှိရာ ယနေ့ (၇) ရက်မြောက်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ လူမှုရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာအတွင်းလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပုလုံးတုံတုံးကျေးရွာ ရန်ကြီးအောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တပညာဝံသအား ဦးခိုက်ကန်တော့၍ သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းနှင့် နဝကမ္မ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက်ကျေးရွာအတွင်းလမ်းတစ်လျှောက် ကောက်ကွက်များအလိုက် သန်းခေါင်စာရင်းကောက်ယူနေသည့် နေအိမ်များသို့ အိမ်တိုင်ရာရောက်သွားရောက်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ စာရင်းစစ် / စာရင်းကောက်များမှ သန်းခေါင်စာရင်းတွင် အသုံးပြုသည့်မေးခွန်း ၆၈ ခု၊ အိမ်ထောင်စုမေးခွန်းနှင့်မေးခွန်း ၁၈ ခုပါဝင်သည့် အဖွဲ့အစည်းမေးခွန်းများအား Tablet များ အသုံးပြု၍ ဒေသခံပြည်သူများအား သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုက်လံကြည့်ရှု၍ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မိုးနှောင်းချည်မျှင်ရှည်ဝါတိုးချဲ့ရေးယာအတွက် ဓာတ်မြေသြဇာထောက်ပံ့

**အထက်မင်းလှ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့ရေးယာအတွက် ဓာတ်မြေသြဇာထောက်ပံ့ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့ရေးယာအတွက် ဓာတ်မြေသြဇာထောက်ပံ့ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ တောင်သူ ၄၂ ဦးအတွက် ရှစ်ကေလျှင် ဓာတ်မြေသြဇာ တစ်အိတ်နှုန်းဖြင့် ကွန်ပေါင်းဓာတ်မြေသြဇာ ၁၁၉ အိတ်ကို အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ဗီယက်နမ် လက်ဆွဲကောက်စိုက်စက်များ၊ စပါးမျိုးစေ့ ချ ကိရိယာများ၊ ဆီထွက်သီးနှံမျိုးစေ့ပြခန်းကို ကြည့်ရှုသည်။ မင်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုဧက ၁၇၀၁ ဧက စိုက်ပျိုးပြီးဖြစ်ရာ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ဧကမှာ ယခင်နှစ်ထက် ၁၈၈၈ ဧက ပို၍ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဓာဓာ(အထက်မင်းလှ)**



# “ကူညီကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၇**

“ကူညီကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၁ ရက် (သောကြာနေ့) ညနေ ၅ နာရီမှ ည ၉ နာရီခန့်အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)၏ စီစဉ်မှုဖြင့် ဂီတအနုပညာရှင်များ စုပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဖွဲ့ပြည့်၊ နေမင်းအိမ်၊ အယ်လ်ဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ဆိုင်စံ၊ ပိုပို၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ်တို့ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ MRTV NRC Channel၊ MRTV App၊ MRTV Radio Application နှင့် MRTV Social Media Online တို့မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည့်အပြင် MRTV HD Channel နှင့်မြန်မာ့အသံရေဒီယိုတို့မှလည်း ယင်းနေ့ ည ၉ နာရီခန့်မှစပြီး Replay ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# တာချီလိတ်မြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ပြီးခဲ့သည့်ရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး တောင်ကျရေများကြောင့် လူနေအိမ်အချို့ မျောပါပျက်စီးခဲ့သည့် လွယ်တော်ခမ်းရပ်ကွက်ရှိ အိမ်ထောင်စု ၃၄ စုမှ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့သော တာပေါ်လင်စ ၁၀ စ၊ မီးဖိုချောင်သုံးပစ္စည်း ၃၄ စုံ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ၂၄ စုံ၊ ခြင်ထောင်အလုံး ၅၀ တို့ကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှတစ်ဆင့် ခရိုင်နှင့်မြို့နယ်မှ ကြက်ခြေနီစေတနာ လုပ်အားရှင်များက အောက်တိုဘာ ၆ ရက်တွင် သွားရောက်ကူညီ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်သမဝါယမတောင်သူများအား သွင်းအားစုများ ပံ့ပိုး



**ကျုံပျော် အောက်တိုဘာ ၇**

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မလုပန်းကျေးရွာအုပ်စု မိုးကြိုးပစ်ကျေးရွာ မိုးပုလဲစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၃၀ ၏ စိုက်ဧက ၉၀ အတွက် ပံ့ပိုးငွေကျပ် ၁၈ သန်းနှင့်ညီမျှသည့် သွင်းအားစုများ (ပုလဲ)၊ (အာမို)အိတ် ၉၀ နှင့် မြင်းပျံ(ကွန်ပေါင်း) အိတ် ၉၀ တို့ကို ပံ့ပိုးပေးခဲ့သည်။

အဆိုပါ သမဝါယမအသင်းသားတောင်သူများ၏ လယ်မြေများတွင် မှော်ဘီ (၃) စပါးများ စိုက်ပျိုးထားရှိပြီး မိုးစပါးစိုက်ပျိုးရာသီတွင် သွင်းအားစုများအချိန်မီပံ့ပိုးပေးသဖြင့် မိုးစပါးများအထွက်နှုန်း ပိုမိုကောင်းမွန်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ညောင်ဦးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၇ ရက်က ဆက်လက်ကောက်ယူလျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ဒီပါလင်း



လယ်ဝေးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၇ ရက်က မြို့နယ်အဆင့် စာရင်းစစ်၊စာရင်းကောက်များ ဆက်လက်ကောက်ယူလျက်ရှိစဉ်။ ဝေကြည်(ပြန်/ဆက်)

● *ကျောဖုံးမှ*

သွင်းယူပေးပြီး အေစီမီလန်အသင်းအတွက် သွင်းဂိုးကို ပူလီဆစ်က သွင်းယူပေးခဲ့သည်။ ဖီအိုရင်တီးနားအသင်းသည် ပွဲစဉ် (၇) အပြီးတွင် နှစ်ပွဲမြောက်နိုင်ပွဲကို ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ဘက်အေစီမီလန်အသင်းက နှစ်ပွဲမြောက် ရှုံးပွဲကို ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၇) အပြီးတွင် စီးရီးအေအမှတ်ပေးဇယားကို နာပိုလီအသင်းက ရမှတ် ၁၆ မှတ်ဖြင့် ဦးဆောင်ထားပြီး ၎င်းနောက်တွင် အင်တာမီလန်အသင်းက ရမှတ် ၁၄ မှတ်ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။ **အောင်ဇော်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့ တောင်စဉ်အေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Cal-dina မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၇ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် I-Zone Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ရှိ ခမ္မရုံကူးတို့ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ်အပိုပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၃၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ထားဝယ်မြို့ ကျောက်မော်ရပ်ကွက်၌ လိုင်စင်မဲ့ Suzuki Ciaz မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၃၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatisu Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၈၆ တန်၊ သစ်မာ ၅ ဒသမ ၃၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၄၆၉၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၈၄၆၉၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၉) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၉၆၆၉၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပုလောမြို့နယ် တောင်ယာကမ်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ရွှေ၊ ငွေ အပါအဝင် အဖိုးတန်ပစ္စည်းများ၊ ဆိုင်ကယ်များကို လုယက်ကာ ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့ကြောင်း သတင်းတု သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာကို အောက်တိုဘာ ၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ရွှေ၊ ငွေနှင့် ဆိုင်ကယ်များကို ခိုးယူလုယက်ကြောင်း၊ အမျိုးသမီးများ၊ ကလေးများနှင့် ရွာသားအများအပြားကိုလည်း ဖမ်းဆီးသွားကြောင်း ရွှေ၊ ငွေ အပါအဝင် အဖိုးတန်ပစ္စည်းများ၊ ဆိုင်ကယ်များကို လုယက်ကာ ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု သတင်းမှားများဖြင့် မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းများနှင့်ပတ်သက်၍ ၎င်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့်နှိပ်စက်သည့် လုပ်ရပ်များအား ပြုလုပ်ခြင်းမရှိကြောင်း၊ ၎င်းနယ်မြေများအတွင်း စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်သားပြည်သူများကို တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ တပ်မတော်နှင့် ပြည်သူအကြမ်းဖက်မှုနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နေသည်ကို မနာလို၊ မရှုဆိတ်သည့် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏လက်ဝေခံ တရားမဝင် ပြည်ဖျက်မီဒီယာများ၏ စွပ်စွဲပြောဆို ရေးသားနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများ ဖြန့်ဝေခြင်းနှင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချသည့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့ရှိ ရပ်ကွက်အချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၇**

ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့ရှိ ရပ်ကွက်အချို့တွင် သန်းခေါင်စာရင်း ကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ငွေကြေးကောက်ခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်နေ့မှစတင်ကာ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့များ ပူးပေါင်း၍ စတင်ကောက်ယူလျက်ရှိကြောင်း၊ ပြည်သူများမှ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့များမှ မနာလို၊ မရှုဆိတ်ဖြင့် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများ




က အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## တရုတ်ယောကျ်ားနှင့် လက်ထပ်ရန်ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူကို အလုပ်နှင့် ထောင်ဒဏ် (၁၅)နှစ် ချမှတ်

**နေပြည်တော် အောက်တိုဘာ ၇**

သာကေတမြို့နယ်မှ အမျိုးသမီးတစ်ဦးကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မှ စန္ဒာမျိုး(ခ)မလင်းကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်(၁၅)နှစ် ကျခံစေရန် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်နေ စန္ဒာမျိုး(ခ)မလင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ မ---၊ ၁၆/၂၀၂၄ နှစ်ကို တရုတ်ယောကျ်ားယူပါက တင်တောင်းငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်း၊ စာချုပ်ဖြင့် လက်မှတ်ထိုးယူရမည် မဟုတ်ဘဲ တရုတ်နိုင်ငံတွင် တစ်နှစ်ကျော်ခန့် ပေါင်းသင်းနေထိုင်ပေးရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းက (ပ)၅၇/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၄ ရက်က တရားခံ စန္ဒာမျိုး(ခ)မလင်း ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ်(၁၅)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇန်နဝါရီတွင် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် မြန်မာအသင်းနှင့်အတူ ထိုင်း၊ အီရန်၊ ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ လက်ဘနွန်၊ ဟောင်ကောင်၊ ပါလက်စတိုင်း၊ ဘာရိန်း၊ တာ့ခ်မင် နစ္စတန်၊ မကာအို၊ အီရတ်၊ ဖိလစ်ပိုင်၊ ကာဂျစ္စတန်၊ သြစတြေးလျ၊ အိန္ဒိယနှင့် ပါကစ္စတန် အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဖလား အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပပြီး နောက်ပိုင်း ၂၀၂၅ ခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ကာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းအနေဖြင့် ခြေစစ်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ခြေစစ်ပွဲအပြင် နိုဝင်ဘာတွင်ယှဉ်ပြိုင်ရမည့် အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် တစ်ပေါင်းတည်း လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ယခင်က ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းပါဝင်မှသာ အသင်းဖွဲ့စည်းပြီး ယှဉ်ပြိုင်ရသော်လည်း ယခုနောက်ပိုင်းတွင် နိုင်ငံတကာအမျိုးသမီးဖူဆယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပလာသဖြင့် ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲအရေအတွက် ပိုမိုများပြားလာခြင်းဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

# တောင်ဖျားဆီက မိုးညို့ညို့နှင့် ရေလှောင်တမံ၊ ရေပိုလွှဲများ...

**အေးမြင့်ဆွေ (ဆည်/ရေ)**

မြစ်ချောင်းဖျား တောင်တန်းများဆီတွင် မိုးတိမ်များမှောင်မည်း ညို့မှိုင်းလာပါက သိပ်မကြာမီတွင် မြစ်ရေချောင်းရေများ တရိပ်ရိပ်တက်လာတော့မည့် လက္ခဏာ ဖြစ်သည်ဟု အဆိုရှိပါသည်။

ယခုအခါတွင် အယ်လ်နီညိုနှင့် လာနီညာကဲ့သို့သော အစွန်းရောက် ရာသီဥတုပြောင်းလဲမှုများကြောင့် စံချိန်တင်မိုးများရွာသွန်းခြင်း၊ အချိန်အခါမဟုတ် မိုးများရွာသွန်းခြင်းကဲ့သို့ ခန့်မှန်းရခက်သည့် မိုးလေဝသအခြေအနေများ တွေ့ကြုံလာရသည်။ တောင်ဖျားဆီတွင် လိုအပ်သည်ထက်ပိုသော မိုးညို့ညို့များ တစ်နှစ်ပြီးတစ်နှစ် တွေ့ကြုံလာနေကြရပါသည်။

ထိုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာသည့်အခါ ရေလှောင်တမံများရှိ ရေပိုလွှဲများမှ ရေများဖောက်ချ၍ ရေကြီးရသည်ဟု အချို့က နားလည်မှု လွဲတတ်ကြပါသည်။ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေများ ကျော်ကျနေခြင်းသည် ရေကြီးမှုအတွက် စိုးရိမ်စရာဖြစ်သည်ဟုလည်း တွေးထင်မိတတ်ကြပါသည်။ မိမိကိုယ်တိုင်လည်း ရေလှောင်တမံ ရေပိုလွှဲများအကြောင်း သေချာစွာမသိရှိရသေးခင်က ထိုသို့တွေးထင်ခဲ့ဖူးသည်ဖြစ်ရာ ဤဆောင်းပါးတွင် ရေပိုလွှဲများ၏ လုပ်ငန်းဆောင်တာ၊ အသုံးဝင် အကျိုးပြုမှုနှင့် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ခြင်းသည် စိုးရိမ်စရာအခြေအနေ တစ်ခုမဟုတ်ပါကြောင်း နားလည်သိရှိသမျှ မျှဝေဖော်ပြပေးလိုပါသည်။

**ရေလှောင်တမံဆိုသည်မှာ**

ရေလှောင်တမံဆိုသည်မှာ မိုးရာသီတွင် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အတွင်းသို့ အကျိုးမဲ့စီးဆင်းသွားမည့် မိုးရေများကို စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ရွာများသောက်သုံးရေဖူလုံစေရေး၊ ဒေသတစ်ခွင် စိမ်းလန်းစိုပြည်ရေးတို့အတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်သည့် ပမာဏကို စနစ်တကျ တွက်ချက်သိုလှောင်ထားသော ရေအားအဆောက်အအုံများဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေခံတည်ဆောက်ထားသော မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေလှောင်တမံများ၏အကျိုးပြုမှုသည် များစွာအရေးပါပါသည်။



ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုကို တွေ့ရစဉ်။

ရေလှောင်တမံတည်ဆောက်ရာတွင် ရေဆင်းဧရိယာတစ်ခုလုံးမှ စီးဝင်ရေအားလုံးကို တမံအတွင်း ထိန်းချုပ်သိုလှောင်မည်ဆိုပါက ကြီးမားသော တမံအရွယ်အစားအတွက် ကုန်ကျစရိတ်များပြားခြင်း၊ အောက်ဘက်မြစ်ချောင်းများအတွင်းသို့ ရေစီးဆင်းမှုရပ်တန့်သွားမည်ဖြစ်သဖြင့် မြစ်၏ ဂေဟစနစ်ပျက်စီးလာခြင်းများ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေပေးဝေမည့် စိုက်ပျိုးဧရိယာ (သို့မဟုတ်) ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏအချို့အား ထိန်းသိမ်းသိုလှောင်ရန်သာ တည်ဆောက်လေ့ရှိကြပါသည်။

ရေလှောင်တမံများ တည်ဆောက်ထားခြင်းကြောင့် ရေဆင်းဧရိယာမှ စီးဆင်းလာသော ချောင်းရေများကို တမံ၏ ကန်ရေပြည့်ပမာဏအထိ ထိန်းသိမ်းထားနိုင်ပြီး တဖြည်းဖြည်း ထိန်းညှိရေလွှတ်နိုင်မှုကြောင့် တမံအောက်ဘက်ဒေသများတွင် ရေကြီးနစ်မြုပ်ခြင်းလျော့ပါးစေရန် များစွာအထောက်အကူပြုနိုင်ပါသည်။ သိုလှောင်နိုင်သည့် ပမာဏထက်ကျော်သည့် တမံအတွင်း စီးဝင်ရေများမှာလည်း တမံရေဝပ်ဧရိယာသို့ စုဝင်ပုံ့နှံ့ရစ်ခွေပြီးမှ ရေပိုလွှဲမှ တစ်ဆင့် ကျော်ကျစီးဆင်းရသဖြင့် ရေစီးအလျင် လျော့နည်းသွားနိုင်ပါသည်။

တမံအောက်ဘက် ဒေသများသို့ ရေရောက်ရှိရန် စီးဆင်းရချိန်လည်း ကြာမြင့်သွားမည် ဖြစ်သောကြောင့် ရေဘေးအန္တရာယ်အတွက် အချိန်ယူကြိုတင်ပြင်ဆင်နိုင်ပါသည်။ ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်းများကို ကမ္ဘာတစ်ဝန်း ခံစားနေကြရရာ တမံများကို စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်အတွက်သာမက ရေဘေးကာကွယ်ရေးအတွက် ရေထိန်းတမံများအဖြစ်လည်း ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံရှိ ရေလှောင်တမံများသည်လည်း ရေထိန်းတမံများအဖြစ် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ အကျိုးပြုလျက်ရှိပါသည်။

**ရေလှောင်တမံ၏ အစိတ်အပိုင်းများ**

ရေလှောင်တမံတွင် အဓိကအစိတ်အပိုင်း သုံးမျိုး ပါဝင်ပါသည်။ တမံကိုယ်ထည်(Dam Body)၊ ရေပိုလွှဲ (Spillway) နှင့် ရေထုတ်ပြွန် (Conduit) တို့ဖြစ်ပါသည်။

တမံကိုယ်ထည်အမြင့်ကို သတ်မှတ်ရာတွင် ထိုဒေသ၏ စီးဝင်ရေပမာဏ (Inflow)၊ ရေဝပ်ဧရိယာ၏ ရေသိုလှောင်နိုင်မှု(Area–Capacity)နှင့် အနည်ကျနှုန်း (Sedimentation Rate) များပေါ် မူတည်၍ မိမိအသုံးပြုလိုသော ရေပမာဏကို သိုလှောင်နိုင်မည့်အနက် (Full Tank Level) အပေါ်တွင် လှိုင်းဒဏ်ခံနိုင်သော ရေလွှတ်အမြင့် (Free Board) ထည့်ပေါင်း၍ တမံအမြင့်ကို သတ်မှတ်ပါသည်။

သိုလှောင်ထားသည့် အသုံးပြုမည့် ရေများကို တမံကိုယ်ထည်၌ ထည့်သွင်းတည်ဆောက်ထားသော ရေထုတ်ပြွန်မှတစ်ဆင့် ဆည်ရေပေးမြောင်းများ အတွင်းသို့ ထုတ်လွှတ်အသုံးပြုနိုင်ပါသည်။ ရေထုတ်ပြွန်အား ရေထိန်းမျှော်စင် (Control Tower)မှ ဂိတ်တံခါးဖြင့် လိုအပ်သလို ထိန်းချုပ်ဖွင့်ပိတ်နိုင်ပါသည်။ ထို့ကြောင့် ရေထုတ်ပြွန်သည် ရေလှောင်တမံ၏ ထိန်းချုပ်ဖွင့်ပိတ်နိုင်သော ရေအားအဆောက်အအုံဖြစ်ပြီး ၎င်းကိုလည်း စိုက်ပျိုးရေပေးဝေရန်အတွက်သာ ထိန်းချုပ်အသုံးပြုလေ့ရှိပါသည်။

ဤသို့ တမံအတွင်းသို့ စီးဝင်ရေများအနက် အချို့ကိုသာ အသုံးပြုရန် သိုလှောင်ထားနိုင်သည်ဖြစ်သောကြောင့် ထိုလိုအပ်သော ပမာဏထက်ပိုသော ရေများ ဖြတ်သန်းစီးဆင်းသွားနိုင်စေရန် ရေအားအဆောက်အအုံတစ်ခု တမံကိုယ်ထည်တွင် တပ်ဆင်ရန် လိုအပ်လာပါသည်။ ထိုရေအား အဆောက်အအုံမှာ ရေပိုလွှဲ ဖြစ်ပါသည်။

**ရေပိုလွှဲဆိုသည်မှာ**

ရေပိုလွှဲအကြောင်း အနက်ဖွင့်ဆိုရာတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ကြေးမုံသတင်းစာပါ ဆရာဘုန်းတင်လှိုင် ရေးသားခဲ့သော “ရေပိုလွှဲဆိုသည်မှာ ရေဖောက်ချရသည့် အရာမဟုတ်ဘဲ ကန်ရေပြည့် သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလ မြစ်/ချောင်းများထဲသို့ စီးထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံဖြစ်သည်” ဟူသော ရေးသားချက်အား ပြန်လည်မျှဝေချင်ပါသည်။ တစ်နည်းအားဖြင့် လိုအပ်သည်ထက်ပိုလျှံသော ရေပိုများ ကျော်ကျစီးဆင်းရန်အတွက် အထူးဒီဇိုင်းပြုတည်ဆောက်ထားရသော ရေအားအဆောက်အအုံဖြစ်ပါသည်။ ထို့ကြောင့် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ကျနေခြင်းသည် ရေပိုလွှဲ၏ မဖြစ်မနေ ထမ်းဆောင်ရမည့် မူလတာဝန်သာဖြစ်ပြီး ထူးကဲစွာ စိုးရိမ်ရန်မလိုအပ်သော ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ရေလှောင်တမံအများစု၏ ရေပိုလွှဲများသည် ကန်ရေပြည့်မှတ်မရောက်ရှိမီတွင် ဖွင့်ချနိုင်သော ရေတံခါးများ တပ်ဆင်ထားခြင်းမရှိဘဲ ကန်ရေပြည့်မှတ်အထိ ရေအပြည့်သိုလှောင်၍ ထို့ထက်များပြားလာမှသာ သဘာဝအတိုင်း ကျော်ကျစီးဆင်းသွားစေရန် ဒီဇိုင်းရေးဆွဲထားကြခြင်း ဖြစ်ပါသည်။ အနည်းစုရေပိုလွှဲများရှိ ရေပိုမိုလှောင်နိုင်ရန် တပ်ဆင်ထားသည့် ဂိတ်တံခါးများကိုလည်း စီးဝင်ရေအားချင့်ချိန်၍ စနစ်တကျ တွက်ချက်ဖွင့်ပိတ်နိုင်ရန် သတ်မှတ်လုပ်ထုံးလုပ်နည်းများ ရေးဆွဲစီမံဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ချောင်းအထက်ပိုင်းတွင် မိုးများ၍ ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ဖောက်ချဖန်တီးနိုင်သော (သို့မဟုတ်) တားဆီးပိတ်ပင်နိုင်သော ဖြစ်စဉ်မျိုးမဟုတ်ဘဲ ရေပိုလွှဲ၏ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။ ရေလှောင်တမံ/ရေပိုလွှဲများသာမရှိပါက ရေစီးဆင်းမှုသည် ပမာဏများစွာ ပိုမိုပြင်းထန်မည် ဖြစ်ပါသည်။

**ရေပိုလွှဲမှ ရေကျော်ခြင်း၏ အကျိုးများ**

ရေများ ရေတံခွန်ကဲ့သို့ ကျော်ကျဖြာထွက်စီးဆင်းနေသော ရေပိုလွှဲတစ်ခု၏ အလှအပသည် ရေလှောင်တမံတစ်ခု၏ အပေါ်လွင်ဆုံး၊ စိတ်ဝင်စားဖွယ်အကောင်းဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ဖွယ်ရှိပါသည်။ ရေပိုလွှဲသည် တမံကိုယ်ထည်ခိုင်ခံ့မှုအတွက် များစွာအရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ ရေပိုလွှဲမှ လုံလောက်သော ရေကျော်ကျစီးဆင်းမှုမရှိပါက သိုလှောင်ပမာဏထက်ကျော်လွန်လာသောရေများသည် တမံထိပ်မှ ကျော်ကျခြင်း (Overtopping)အား ဖြစ်စေနိုင်ပြီး တမံကိုယ်ထည်ကြံ့ခိုင်မှုကို ထိခိုက်စေမည် ဖြစ်ပါသည်။

ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် အောက်ဘက်မြစ်ချောင်းများ၏ သဘာဝအတိုင်း

*စာမျက်နှာ ၁၇ သို့*

❖ **ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်းများကို ကမ္ဘာတစ်ဝန်း ခံစားနေကြရရာ တမံများကို စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်အတွက်သာမက ရေဘေးကာကွယ်ရေးအတွက် ရေထိန်းတမံများအဖြစ်လည်း ကျယ်ပြန့်စွာ အသုံးပြုလာကြ။ မြန်မာနိုင်ငံရှိ ရေလှောင်တမံများသည်လည်း ရေထိန်းတမံများအဖြစ် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့အကျိုးပြုလျက်ရှိ**

❖ **မြန်မာနိုင်ငံရှိ ရေလှောင်တမံအများစု၏ ရေပိုလွှဲများသည် ကန်ရေပြည့်မှတ် မရောက်ရှိမီတွင် ဖွင့်ချနိုင်သော ရေတံခါးများ တပ်ဆင်ထားခြင်းမရှိဘဲ ကန်ရေပြည့်မှတ်အထိ ရေအပြည့်သိုလှောင်၍ ထို့ထက်များပြားလာမှသာ သဘာဝအတိုင်း ကျော်ကျစီးဆင်းသွားစေရန် ဒီဇိုင်းရေးဆွဲထား**

# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း (၁၂)ခုရှိရာ အောက်တိုဘာ ၇ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၇၇)ပေ ကန်ရေပြည့်အမှတ် အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ (၁ ဒသမ ၀၈)ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ် အထက်တွင် HED ရေတံခါး (၄) ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများကို (၂၄) နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း၊ စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၇.၁၀.၂၀၂၄

(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၂၉၇ | ၆၂၇.၁၆ | ၅၆၅၅၂ | ၁၃၄၂၃ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၇ | ၁၄၁၉၄ | - | ၆၂၆.၀၈ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၁၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၀၀ | ၂၇၂၆၀ | ၇၉ | ၉.၀၀ | ၉၂၄၀ | - | - | - | ၆၂၆.၁၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၉၉၅ | ၅၁၉.၁၅ | ၈၉၄၅၀ | ၂၇၂ | ၀.၈၅ | ၂၃၂၀ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၈၅ | ၁၀၆၃၃ | ၇ | ၂.၁၅ | ၁၆၂၄ | - | - | - | ၅၀၉.၉၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၇၀ | ၄၃၈.၂၀ | ၇၀၆၀၀ | ၃၁၅ | ၀.၈၀ | ၂၄၀၀ | - | - | - | ၄၃၈.၂၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၄၁ | ၇၈၂၀ | ၈ | ၁.၅၉ | ၈၉၈ | - | - | - | ၄၁၆.၄၄ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၁၀ | ၁၀၅၂၃၀ | - | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၂ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၂ | ၈၆၄.၀၀ | ၁၀၄၂၂ | ၇၁ | ၆.၀၀ | ၄၁၇၈ | - | - | - | ၈၆၄.၁၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

*စာမျက်နှာ ၁၆ မှ*

ရေစီးဆင်းမှုကို ဖြစ်ပေါ်စေသောကြောင့် ထိုမြစ်ချောင်းတို့၏ မူလသွင်ပြင်ပုံစံနှင့် ရေစီးဆင်းမှု အခြေအနေကို များစွာ အထောက်အပံ့ပေးပါသည်။ မြစ်ချောင်းများ၏ သက်စောင့်ရေ (Enviromental Flow) ကိုလည်း ဖန်တီးပေးပါသည်။ သက်စောင့်ရေဆိုသည်မှာ မြစ်ချောင်းများအတွင်းနှင့် မြစ်ချောင်းများအနီးရှိ သစ်ပင်ပန်းမန်နှင့် ရေနေသတ္တဝါတို့၏ သဘာဝရှင်သန်နေထိုင်မှုဖြစ်စဉ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံသဘာဝရေစီးဆင်းမှုဖြစ်ပါသည်။

အခြား အကျိုးကျေးဇူးတစ်ခုမှာ ရေလှောင်တမံအထက်ပိုင်းမှ ရေနေသတ္တဝါများသည် ရေပိုလွှဲမှ ရေကျော်ကျစီးဆင်းခြင်းနှင့်အတူ ရေလှောင်တမံအောက်ဘက်မြစ်ချောင်းများအတွင်းသို့ လွတ်လပ်စွာ ပျံ့နှံ့ရောက်ရှိနေထိုင်ကြီးပြင်းနိုင်ကြခြင်းဖြစ်ပါသည်။ ငါးကဲ့သို့သော ရေနေသတ္တဝါများသည် တမံကိုယ်ထည်အောက်ခြေ ရေထုတ်ပြွန်မှ ဖြတ်သန်းနိုင်သည် ဆိုသော်လည်း တွေ့ရှိချက်များအရ တမံအောက်ခြေရေထု၏ အပူချိန်လျော့ကျမှုနှင့် အောက်ဆီဂျင်နည်းပါးစွာပါဝင်မှုကြောင့် ရေပိုလွှဲမှ စီးဆင်းရေနှင့်အတူသာ ပိုမိုရွှေ့ပြောင်းသွားလာကြကြောင်း သိရှိရပါသည်။

**ရေပိုလွှဲများ၏ ခိုင်ခံ့မှုအခြေအနေ**

မြန်မာ့ဆည်တာတမံ တည်ဆောက်မှုသမိုင်းသည် ရှေးမြန်မာမင်းများ လက်ထက် လယ်တွင်းကိုးခရိုင်မှ အစပြု၍ ကိုလိုနီခေတ်ကို ဖြတ်ကျော်ကာ ယခုလက်ရှိကာလအထိ ရှည်လျားတည်တံ့ခဲ့ပါသည်။ ရေအားအဆောက်အအုံများ တည်ဆောက်မှုနှင့် ရေအသုံးချမှု နည်းပညာများတွင်လည်း တိုးတက်ဖွံ့ဖြိုးစေရန် အစဉ်အားထုတ် ဆောင်ရွက်လျက်ရှိပါသည်။ ရှေးနှစ်များစွာကပင်စ၍ ပဲခူး-စစ်တောင်းတူးမြောင်း၊ တွံတေးတူးမြောင်းကဲ့သို့ ရေအသုံးချသွားလာမှု လမ်းကြောင်းသစ်များ၊ မိုးဗြဲ၊ မြစ်ကျိုးနှင့် တာဝကဲ့သို့သော လှေဝင်လှေထွက်လမ်းကြောင်း (Navigation Locks)များ၊ များစွာသော ရေလှောင်တမံများကို တည်ဆောက်ထိန်းသိမ်းအသုံးပြုလျက်ရှိပါသည်။ ရေလှောင်တမံနှင့် ရေပိုလွှဲများ တည်ဆောက်ရာတွင် စနစ်တကျ စူးစမ်းလေ့လာမှုများ ဆောင်ရွက်၍ ကျွမ်းကျင်နည်းပညာရှင်များနှင့် တွက်ချက်ဆောင်ရွက်လျက်ရှိပါသည်။

ရေလှောင်တမံနှင့် ရေပိုလွှဲများ တည်ဆောက်ရာတွင် ထိုဒေသ၏ မိုးလေဝသနှင့် ရာသီဥတုအခြေအနေ၊ ရေကြီးမှုသမိုင်းပေါ်မူတည်၍ ဇလဗေဒ ပညာရှင်များ တွက်ချက်ရရှိသော ဒီဇိုင်းရေထုစီးနှုန်း အချက်အလက်များ၊ အောက်ခံမြေအမျိုးအစားများ၊ ငလျင်ပြင်းအား စသည့်အချက်အလက်များကို စုစည်း၍ခေတ်မီနည်းပညာဆော့ဖ်ဝဲများ အသုံးပြုတွက်ချက် တည်ဆောက်ထားကြပါသည်။

**ရေပိုလွှဲမှ ရေကျော်ခြင်းကို သတိပေးမှုများ**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အလံအစိမ်းရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ပါက အလံအဝါရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထက် ရေကျော်ပါက အလံအနီရောင် စသည်ဖြင့် ရေပိုလွှဲထိပ်နှင့် ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများတွင် အလံစိုက်ထူ၍ အများပြည်သူများအား သိရှိရန် အသိပေးလေ့ရှိပါသည်။ ဤသို့ အလံများစိုက်ထူရာတွင် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်း အထက်အထိ ရေကျော်ကျလာခြင်းသည်သာ စောင့်ကြည့်ရမည့် စိုးရိမ်သင့်သော အခြေအနေဖြစ်ပြီး ကျန်အခြေအနေများတွင် ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် များစွာ စိုးရိမ်ဖွယ် အခြေအနေမဟုတ်ပါ။ ဒီဇိုင်းရေထုစီးနှုန်းအထက်အထိ ရေကျော်ကျလာသည့်အခြေအနေတွင်မူ မိမိဒေသ၏ လက်တွေ့ဖြစ်ပေါ်နေသော ရေဘေးအန္တရာယ်နှင့်လိုက်လျောညီထွေသည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ အချိန်မီဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့ ရေလှောင်တမံများ၌ ထူးကဲမိုးများ ရွာသွန်းသောကြောင့် ဒီဇိုင်းရေထုစီးနှုန်းထက် ရေများစွာကျော်ကျခဲ့သော ဖြစ်စဉ်များတွင်မူ ရေပိုလွှဲများသည် ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါသည်။

ထို့ကြောင့် အချုပ်အားဖြင့် **ရေပိုလွှဲဟူသည်မှာ ရေများကျော်ကျရန် တကူးတက ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားရသည့် ရေအားအဆောက်အအုံဖြစ်၍ ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် ၎င်း၏ မူလတာဝန်ကို ရိုးစင်းစွာ ထမ်းဆောင်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရေတံခွန်ကဲ့သို့ ရေများဖြာကျစီးဆင်းနေသော ရေပိုလွှဲများတွေ့ရှိပါက စိုးရိမ်စရာအခြေအနေဟု မယူဆသင့်ပါကြောင်း၊ ရေကျော်ကျနေသော ရေပိုလွှဲများသည် ရေလှောင်တမံခိုင်ခံ့မှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် သွယ်ဝိုက်အကျိုးပြုလျက် ရှိနေပါကြောင်းနှင့် ရေပိုလွှဲများသည် တောင်ဖျားဆီမှ မိုးညို့ညို့အား တတ်စွမ်းသမျှ အန်တုခံလျက်ရှိပါကြောင်း** သိရှိသမျှ မျှဝေရေးသားအပ်ပါသည်။ ။

ကိုးကား - ဆည်မြောင်း ဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် ဆရာဘုန်းတင်လှိုင် ရေးသားသော "ရေပိုလွှဲဆိုသည်မှာ.." ဆောင်းပါး

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်



## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီးနှင့် အရံစေတီများ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအတွက် ဩဝါဒခံယူ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီးနှင့် အရံစေတီများအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်ပတ်သက်၍ ဩဝါဒစရိယဆရာတော်ကြီးများထံမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ဩဝါဒခံယူပွဲကို ယနေ့ နံနက်ပိုင်းက စေတီတော်ရင်ပြင်တော်ပေါ်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဒေါ်ပရိသတ်များက စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ စွန်းလွန်းဂူဝိပဿနာကျောင်း ဆရာတော်ဘဒ္ဒန္တသုန္ဒရ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့်ပတ်သက်၍ တင်ပြလျှောက်ထားပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးအောင်မြတ်က ရွှေသင်္ကန်းကပ်လှူခြင်းနှင့်ပတ်သက်၍ တင်ပြလျှောက်ထားကာ ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာများ မိန့်ကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေါ်ပရိသတ်များက ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**အောင်မြင့်(မြန်/ဆက်)**

## ပဲခူးမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူ

**ပဲခူး အောက်တိုဘာ ၇**

ပဲခူးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့ နံနက်ပိုင်းက လိပ်ပြာကန်ရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်၊ ဇိုင်းဂနိုင်း(မြောက်)ရပ်ကွက်၊ မြို့တွင်းကြီးရပ်ကွက် စသည့် ကောက်ကွက်များတွင် စာရင်းများ ဆက်လက်ကောက်ယူကြသည်။ **(အပေါ်ယာပုံ)**



အဆိုပါ ကွင်းဆင်းကောက်ခံရာသို့ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေး ကော်မတီအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြပြီး ပဲခူးမြို့နယ်အတွင်း၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၆ ခု၊ ကောက်ကွက်ပေါင်း ၈၇၄ ခုရှိရာ စာရင်းစစ်၊ စာရင်းကောက် ၃၃၆ ဦးတို့မှ အဖွဲ့ ၆၂ ဖွဲ့ခွဲ၍ အောက်တိုဘာ ၁ ရက်မှစတင်ပြီး လိုက်လံကောက်ခံလျက်ရှိကြကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

## ပန်းတနော်မြို့၌ မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပ

**ပန်းတနော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး ဧရာဝတီတိုင်း ရိုးရာလက်ဝှေ့ ဆပ်ကော်မတီနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သော မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲများကို ယမန်နေ့က ပန်းတနော်မြို့ အားကစားခန်းမ၌ ကျင်းပသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ သုံးချီပွဲတွင် ချစ်ကိုကို(ပဲခူးကလပ်)နှင့် တိုက်မောင်း (အဖြူရောင်သွေးသစ်)၊ ဆွကိမ်း(Holy Power)နှင့် အယ်လောလှ (ရိုးရာကျား)၊ ဖာဒါဝိတ်(ရိုးရာကျား)နှင့် သန်းနိုင်ဦး(Bago Fight)၊ မိုးထက်(Holy Power) နှင့် ကျော်နိုင်ထွန်း(အဖြူရောင်သွေးသစ်)၊ သုံးချီပွဲအထူးပွဲတွင် အောင်ဟိန်းစွမ်း (ဝမ်ချီကလပ်) နှင့် ဘစိုးဝဏ္ဏ(ဇာထက်မိတ္ထီလာ)၊ လေးချီပွဲတွင် လပြည့်လင်း(Eagle) နှင့် ဝူသောဒို (ရိုးရာကျား)၊ ဆြာလောလှ(ရိုးရာကျား) နှင့် စောထဲနီစေး(Bago Fight)၊ ဟိန်းထွဋ်ကျော် (ဥဿာမင်း)နှင့် လားကပေါ(ရိုးရာကျား)၊ စောကဲဒို(Holy Power)နှင့် ရှမ်းတောက် (ဇာထက်မိတ္ထီလာ) တို့ ယှဉ်ပြိုင်ထိုးသတ်ပြီး မျိုးဆက်သစ်ဝိတ်တန်းတူ(ကြားပွဲ)များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြ သည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သန်း၊ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးကျော်ဇင်ဦး၊ တိုင်းရိုးရာလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးသစ္စာနှင့် တာဝန်ရှိသူများ၊ လက်ဝှေ့ဝါသနာရှင်များက ကြည့်ရှုအားပေးပြီး ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ကျော်သူအောင်(မြန်/ ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
